THE ARAKAN INTERNATIONAL

နိုင်ငံတကာရေးရာ ရက္ခိုင်သတင်းစဉ်

# နိုင်ငံတကာသတင်းအကျဉ်း (၂၀၁၇ ခုနှစ်၊ ဇျန်နဝါရီလ ၃ ရက်)














(၁) စင်ကာပူနိုင်ငံ၏စီးပွါးရေးသည်ပြီးခဲ့သည့် ၃နှစ်တာကာလအတွင်းအလျှင်အမြန်ဆုံးသောတိုးတက်မှုနှုန်းဖြင့်တိုးတက်လာနိုင်သည်ကို ပြီးခဲ့သောလေးလပတ်အတွင်းစီးပွါးရေးဆိုင်ရာအချက်အလက်များကပြသလျှက်ဟိကြောင်းဖြင့် စီးပွါးရေးသတင်းတစ်ရပ်တွင်ဖေါ်ပြထားသည်။

ပြည်တွင်းအသားတင်ထုတ်လုပ်မှုစုစုပေါင်း (GDP) သည် ၂၀၁၆ ခုနှစ်၊ နောက်ဆုံး၃လတာကာလ အတွင်းတွင်၉.၁ရာနှုန်းတိုးတက်မှုဟိရာ ယင်းမှာအယင်တစ်နှစ်က အလားတူကာလတွင်းစီးပွါးရေးတိုးတက်မှုနှုန်းထက် ၁.၈ရာနှုန်းပိုမိုကြောင်းဖြင့် ဘလုန်းဘာ့ (Bloomberg) သုတေသနစစ်တမ်း၌ဖေါ်ပြထားသည်။
(ဘန်ကောက်ပို့စ်)

(၂) ကမ္ဘောဒီးယားနိုင်ငံ၏အထင်ကရ အန်ကောဝတ်ဘုရား ကျောင်းတော်သို့လာရောက်ရန်ကမ္ဘာနှင့်အဝှမ်းဝယ်ယူကတ်သည့်ဝင်ခွင့်လက်မှတ်တန်ဖိုးသည်ပြီးခဲ့သည့်နှစ်အတွင်းအမေရိကန်ဒေါ်လာ ၆၂.၅သန်းဖိုးဟိပြီး၊ ကမ္ဘာလှည့်ခရီးသည်ပေါင်း၂.၁၉သန်းလာရောက်လည်ပတ်ခကတ်သည်ဖြစ်ရာ ယင်းမှာအယင်တစ်နှစ်ကထက်၄.၆၃ ရာနှုန်းပိုမိုလာခြင်းဖြစ်ကြောင်းဖြင့်ခမာတိုင်းမ်သတင်းစာမှဖေါ်ပြသည်။
*“ရက်ချင်းပြန်ခရီးလှည့်လက်မှတ်များမှာရောင်းအားအကောင်းဆုံး၊ ပေါ်ပျူလာ အဖြစ်ဆုံးပါ”* ဟုအန်ကောဝတ်ကျောင်းတော်ဆိုင်ရာ အရာဟိတစ်ဦးဖြစ်သူ ချောင်ဆုခေမေရာမှမှတ်ချက်ချပြောဆိုသည်။
(ဘန်ကောက်ပို့စ်)

(၃) အိန်တာနက်သုံးငွေကြီးယူနိတ်ရပ်ဖြစ်သည့် ဘိ(ထ်)ကွိုင် (Bitcoin) တစ်ပြားလျှင် အမေရိကန်ဒေါ်လာ ၁၀၂၉ပေါက်စျီးဟိလားရာယင်းမှာအဆိုပါငွေကြီး၏တန်ဖိုးသည်၃နှစ်ဆက်တိုက်မြင့်မားစွာဖြင့်ရပ်တည်နီခြင်းဖြစ်ကြောင်းဖြင့်စီးပွါးရေးသတင်းများတွင်ဖေါ်ပြထားသည်။

ဒီဂျီထယ်ငွေကြီးဖလှယ်မှုအများဆုံးပြုလုပ်သည့် တရုတ်ပြည်တွင်းမှဘိ(ထ်)ကွိုင်ဝယ်လိုအားများပြားမှုကြောင့်ယင်းသို့စျီးတက်လားခြင်းဖြစ်ကြောင်းဖြင့်လေ့လာသုံးသပ်သူများမှဆိုသည်။ ၂၀၁၆ခုနှစ်အတွင်းယင်းကွိုင်၏တန်ဖိုးမှာ ၁၂၅ရာနှုန်းမြင့်တက်လားကြောင်းဖြင့်သတင်းတွင်ပူးတွဲဖေါ်ပြသည်။
(ဘီဘီစီ)

(၄) တရုတ်ပြည်မှသည်ဗြိတိန်နိုင်ငံလန်ဒန်မြို့တော်အရောက်စုန်ဆန်ပြီးဆွဲလားမည့်ကုန်ရထားလမ်းကိုစတင်ဖေါက်လုပ်မှုပြုကြောင်းဖြင့်တရုတ်ပြည်မီးရထား၌နမှသတင်းထုတ်ပြန်ကြော်ငြာလိုက်သည်။

တရုတ်အရှို့ဖျားခရိုင်တစ်ခုဖြစ်သည့်ဇီဂျိန်းမှစတင်မည့်ယင်းရထားလမ်းသည်လန်ဒန်မြို့တော်အထိအရှည်ကီလိုမီတာပေါင်း ၁၂၀၀၀ကျော်မည်ဖြစ်ကြောင်းနှင့်လမ်းတစ်လျှောက်တွင် ခါဇက်စတန်၊ ရာရှား၊ ဘိုင်လာရုစ်၊ ပိုလန်၊ ဂျာမဏီ၊ ဘယ်လ်ဂျီယမ်နှင့်ပြင်သစ်နိုင်ငံများကိုဖြတ်သန်းလျှက်ခရီးတာ ၁၈ရက်ခန့်ကြာမြင့်မည်ဖြစ်ကြောင်းဖြင့်တရုတ်မီးရထား၌န၏အိန်တာနက်စာမျက်နှာတွင်ရီးသားဖေါ်ပြထားသည်။